# တတိယအကြိမ်မြောက် တရုတ် ယူနန် - မြန်မာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ကူမင်းမြို့၌ကျင်းပ

စက်တင်ဘာလ ၂၈ရက်နေ့တွင် တတိယအကြိမ်မြောက် တရုတ်ယူနန်-မြန်မာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို ကူမင်းမြို့၌ ကျင်းပခဲ့ကြောင်း သိရပါသည်။

ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး ချိန်ဟောင်သည် ယင်းဖိုရမ် တက်ရောက်ရန် ကူမင်းမြို့သို့ရောက်ရှိလာသော မြန်မာနိုင်ငံအစိုးရ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသန်းကျော်နှင့် အဖွဲ့ကို တွေ့ဆုံခဲ့သည်။ ချိန်ဟောင်က လတ်တလောနှစ်ပိုင်းတွင် တရုတ်-မြန်မာ နှစ်နိုင်ငံ၏ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက် ဆက်ဆံမှု မူဘောင်အောက်တွင် ယူနန်-မြန်မာ ဆက်ဆံမှုသည်လည်း ရှေ့သို့ ဆက်လက်တိုးတက်လျက်ရှိကြောင်း၊ ၄င်းအနက် တရုတ်ယူနန်-မြန်မာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သည် အရေးပါသည့် တက်ကြွသည့်အခန်းတွင် ပါဝင်နေကြောင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးသည် နှစ်ဦးနှစ်ဘက်အတွက် အရေးကြီးသောကိစ္စရပ်ဖြစ်ပြီး ကျွန်တော်တို့ အတူတကွ ကြိုးပမ်းသွားရန် ဦးတည်ချက်ဖြစ်ကြောင်း၊ တရုတ်-မြန်မာချစ်ကြည်ရေး နောက်ခံအောက်တွင် ယူနန်-မြန်မာ နှစ်ဘက်တို့သည် အပြန်အလှန် ဆက်သွယ်ရေးလုပ်ငန်း၊ ရွှေလီ-မူဆယ်နယ်စပ်ဒေသ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဇုန် တည်ဆောက်ရေးလုပ်ငန်း စသည့်ဘက်မှ လုပ်ငန်းပူးပေါင်းစီမံရေးအဖွဲ့ကို ပြီးပြည့်စုံအောင် တည်ဆောက်ပြီး အပြန်အလှန် အကျိုးရအနိုင်ရစေရန် ညှိနှိုင်းတိုင်ပင်ကြကာ ထိရောက်သော ဆောင်ရွက်ချက်များဖြင့် လက်တွေ့ကျကျ အကောင်အထည်ဖော်ပြီး တရုတ်-မြန်မာရိုးရာ ချစ်ကြည်ရေး ပိုမိုခိုင်မြဲစေရန်နှင့် ချစ်ကြည်ရင်းနှီးရေး ပိုမိုနက်နဲသွားစေရန် အကျိုးဆောင်မှုသစ်များ ပြုလုပ်သွားမည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။

ယူနန်ပြည်နယ် ဒုတိယပြည်နယ်မှူး ကောင်းစုရှင်း၊ ဒုဝန်ကြီးဦးသန်းကျော် တို့က ဖိုရမ်သို့ တက်ရောက်ကြပြီး မိန့်ခွန်းပြောကြားခဲ့ကြသည်။ နှစ်ဦးနှစ်ဘက်မှ ကိုယ်စားလှယ်များသည် နှစ်ဘက်စလုံး အလေးထားသော ပြဿနာများနှင့် စပ်လျဉ်း၍ ပွင့်လင်းစွာအမြင်ချင်း ဖလှယ်ခဲ့ကြပြီး သဘောတူညီချက်များ ရရှိခဲ့သည်။ ဖိုရမ်အပြီးတွင် 《တတိယအကြိမ်မြောက် တရုတ်ယူနန်-မြန်မာပူးပေါင်းဆောင်ရွက်ရေးဖိုရမ်မှတ်တမ်း》၊ ယူနန်ဝမ်ကော်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကုမ္ပဏီနှင့် မြန်မာနိုင်ငံရှင်းယီရာ(သံ)ကုမ္ပဏီတို့က 《မြန်မာနိုင်ငံဟင်းသီးဟင်းရွက်စိုက်ပျိုးရေးကုမ္ပဏီ ပူးပေါင်းတည်ထောင်ရန် သဘောတူစာချုပ်》တို့ကို ချုပ်ဆိုခဲ့ကြသည်။



▲ ဖိုရမ်သို့တက်ရောက်လာကြသည့် ဧည့်သည်တော်များကိုတွေ့ရစဉ်။ ဓာတ်ပုံ။ ။ယူကျမ်းနင်

ဖိုရမ်ဖွင့်ပွဲ မကျင်းပမီ နှစ်ဦးနှစ်ဘက်တို့သည် ယူနန်-မြန်မာပူးပေါင်းဆောင်ရွက်ရေးဖိုရမ်မှ ပါဝင်သောအခန်းကို ပိုမိုဖော်ထုတ်ရန်၊ ရွှေလီ-မူဆယ်နယ်စပ်ဒေသ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဇုန်ကို အရှိန်အဟုန်ဖြင့် တည်ဆောက်ရန်၊ အပြန်အလှန် ဆက်သွယ်ရေးလုပ်ငန်းကို ပိုမိုနက်ရှိုင်းစွာတည်ဆောက်ရန်၊ နယ်စပ်ဒေသစီမံအုပ်ချုပ်မှု ပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုမြှင့်တင်ရန်စသည့် ပြဿနာများနှင့် စပ်လျဉ်း၍ ကျယ်ပြန့်စွာ အမြင်ချင်း ဖလှယ်ခဲ့ကြသည်။

တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ကူမင်းမြို့ဆိုင်ရာ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးအောင်ကျော်ဦး တို့က တက်ရောက်ခဲ့ကြသည်။

သတင်းထောက်။ ။ လောယုံချမ်၊ ချူဒုံးဟွာ၊ ချိန်ရှောင်ပေါ

# တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း (၄) နိုင်ငံတို့သည် မဲခေါင်မြစ်ဥပဒေပူးတွဲလှည့် လည်ကျင့်သုံးရေးလုပ်ငန်းတိုးမြှင့်ဆောင်ရွက်

《တရုတ်နယ်စပ်ကာကွယ်ရေး ရဲတပ်ဖွဲ့သတင်းစာ》မှ ဖော်ပြသော သတင်းအရ - "ဝင်ပြီ၊ ဂိုးဝင်ပြီကွ"။ ဘောလုံးအကြိတ်အနယ်ကစားခြင်းကြောင့် နောက်ဆုံးတွင် ထိုင်းကိုယ်စားလှယ်အသင်းမှ တစ်ဂိုး ဂိုးမရှိဖြင့် ချန်ပီယံရရှိသွားကြောင်း၊ ဘောသမားများက ခုန်ပေါက်မြူးတူးကြပြီး ပွဲကြည့်ပရိသတ်များက လက်ခုပ်သြဘာပေးကြကြောင်း၊ ယင်းသည် တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း(၄)နိုင်ငံ မဲခေါင်မြစ် ဥပဒေပူးတွဲလှည့်လည် ကျင့်သုံးရေးအဖွဲ့မှ ကျင်းပခဲ့သော ယဉ်ကျေးမှုဖလှယ်ပွဲ အစီအစဉ်များ၏ မြင်ကွင်းတစ်ခုဖြစ်ကြောင်း သိရသည်။

စာရင်းဇယားအရ စက်တင်ဘာလ ၂၇ရက်အထိ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း(၄)နိုင်ငံတို့သည် ဥပဒေပူးတွဲလှည့်လည်ကျင့်သုံးရေးကို (၃၈)ကြိမ် ဆောင်ရွက်ခဲ့ပြီး စုစုပေါင်းအင်အား (၅၈၂၃)ဦး(ကြိမ်)၊ တာဝန်ကျသင်္ဘော (၂၈၆)စင်း စေလွှတ်ခဲ့ကြောင်း၊ ရွှေတြိဂံ အရေးပါမြစ်ကမ်းနှင့် ဒေသများသို့ ရေလမ်းကုန်းလမ်းပူးတွဲစစ်ဆေးမှု (၃၅)ကြိမ် ဆောင်ရွက်ခဲ့ပြီး သင်္ဘော(၆၂၆)စင်း၊ ခရီးသည်(၂၇၅၆)ဦး၊ ကုန်ပစ္စည်းတန်ချိန် (၄၃၉၀၀)တို့ကို စစ်ဆေးခဲ့ကြောင်း၊ စီးပွားရေးသင်္ဘော (၁၃၅)စင်း ကယ်ဆယ်ခဲ့ပြီး (၁၀၈၆၀)ဦး(ကြိမ်)အတွက် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဆိုင်ရာ အသိပေးခဲ့ကြောင်း၊ စီးပွားရေး သင်္ဘောအစင်း (၇၀၀)ကျော်ကို ကာကွယ်ပေးခဲ့ကြောင်း၊ ခရီးလမ်းစဉ်တစ်ခုလုံးနှင့် လမ်းအပိုင်းများ ခွဲ၍ ကင်းလှည့်ခြင်း၊ ရေလမ်းကုန်းလမ်း နှစ်လမ်းစလုံး ပူးတွဲစစ်ဆေးခြင်းနှင့် လှည့်လည်စုံစမ်းခြင်း၊ ပင်မဥပဒေကျင့်သုံးရေး သင်္ဘောရေချစစ်ဆေးရေးစသည့် တာဝန်များကို ထမ်းဆောင်ခဲ့ကြောင်း၊ ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်များ ကျင်းပခဲ့ကြောင်းသိရသည်။

သတင်းထောက်၏ လေ့လာခြင်းအရ မဲခေါင်မြစ် ဥပဒေပူးတွဲ လှည့်လည်ကျင့်သုံးရေးလုပ်ငန်း အဆက်မပြတ် တိုးမြှင့်လာသည်နှင့်အမျှ လေးနိုင်ငံ ဝန်ထမ်းများ၏ ဆက်ဆံမှုသည် လည်း တနေ့တခြား ရင်းနှီးလာနေကြောင်း၊ ယဉ်ကျေးမှုဖလှယ်ခြင်းသည်ဥပဒေလှည့်လည် ကျင့်သုံးရေးလုပ်ငန်း၏ နောက်ထပ် ထင်ရှားသည့် အချက်တစ်ချက်ဖြစ်လာနေပြီး ဥပဒေလှည့်လည်ကျင့်သုံးရေး လုပ်ငန်းထဲ ပါဝင်နေကြသော လူငယ်တပ်ဖွဲ့ဝင်များ၏ အနှစ်သက်ခံရကြောင်း သိရသည်။ ဘာသာစကားချင်း မပေါက်နိုင်သော်လည်း မဲခေါင်မြစ်တစ်သွယ်ဖြင့် နိုင်ငံ(၆) နိုင်ငံတို့ကို ဆက်သွယ်ထားပြီး မြစ်ကမ်းတလျှောက်တွင် နေထိုင်ကြသော ပြည်သူလူထုများ၏ နေထိုင်မှုစရိုက်များ၊ စားသောက်မှုဓလေ့များ တူညီသောကြောင့် လက်ဟန်ခြေဟန်၊ မျက်ရိပ်မျက်ခြည်၊ အပြုံးစသည့် အမူအရာများဖြင့် ချစ်ကြည်ရင်းနှီးမှုကို ကမ်းလှမ်းပြီး သတင်းအချက်အလက်များကို လက်ဆင့်ကမ်းနိုင်ကြသည်။

ထို့ပြင် ကင်းလှည့်အဖွဲ့များသည် "မဲခေါင်မြစ် စိတ်ချင်းဆက် ချစ်ကြည်ရေးဖလား" (၅)ဦးပါ ဘောလုံးလှည့်လည်ပြိုင်ပွဲကို ကျင်းပခဲ့သေးသည်။ ကွင်းပမှ ဘတ်စကက်ဘော ဂိုးသွင်းခြင်း၊ ဥဏ်ထုတ်ကွင်းစွပ်ခြင်း၊ ပင်ဘောင်မှုတ်ခြင်း၊ အစေ့ညှပ်ခြင်း စသည့်ပေါ်များကြွယ်ဝလှသော စိတ်ဝင်စားဖွယ် အားကစားအစီအစဉ်များကိုလည်း ကျင်းပခဲ့သည်။

အဘက်ဘက်မှ ယဉ်ကျေးမှုဖလှယ်ရေး ပိုမိုနက်ရှိုင်းလာသည့်အမျှ မဲခေါင်မြစ် ဥပဒေပူးတွဲလှည့်လည် ကျင့်သုံးရေးအဆင့်အတန်းနှင့် အကျိုးသက်ရောက်မှုကိုလည်း အဆက်မပြတ် မြှင့်တင်လာပြီး မဲခေါင်မြစ်ကမ်းတစ်လျှောက်ရှိ နိုင်ငံအသီးသီးမှ ပြည်သူများ၏ အသိအမှတ်ပြုနှုန်း၊ ပါဝင်တက်ရောက်နှုန်းနှင့် ချမ်းမြေ့သာယာမှုများကိုလည်း သိသိသာသာ မြှင့်တင်လာနေသည်။ မဲခေါင်မြစ်သည် မြစ်ကမ်းတလျှောက်နေ နိုင်ငံအသီးသီးမှ ပြည်သူများ၏ ယဉ်ကျေးသောမြစ်၊ ချမ်းမြေ့သာယာသောမြစ် ဖြစ်လာနေသည်။

ကျောက်ကျားပိ၊ ယန်ရှိုး၊ ယန်ထျန်း



▲ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း(၄)နိုင်ငံတို့၏ ဥပဒေပူးတွဲလှည့်လည်ကျင့်သုံးရေးသင်္ဘောသည် လန်ချမ်း-မဲခေါင်မြစ်ပေါ်မှ ယူနန်ပြည်နယ် စစ်ဆောင်ပန်နားပြည်နယ်ခွဲ ကွမ်းလေဆိပ်ကမ်း၏ မြစ်ပြင်တွင် ပြေးဆွဲနေစဉ်။ ဓာတ်ပုံ။ ။ ချိန်ဟိုင်နင်

Beautiful YUNNAN

TUESDAY, 13 -19 OCTOBER, 2015
THE FLOWER NEWS VOL.11, NO.39

# ယူနန်လယ်ယာသုံးစက်ကိရိယာအလုံး (၁၀၀၀) ကို မြန်မာ့ဈေးကွက်သို့ တင်ပို့မည်

ယခုရက်ပိုင်းတွင် ကျင်းပသော (၁၁)ကြိမ်မြောက် ကူမင်းအာရှဒေသနိုင်ငံတကာ လယ်ယာစိုက်ပျိုးရေးပြပွဲ (၂၀၁၅)တွင် မြန်မာနိုင်ငံနှင့် ယူနန်တို့သည် ယခုအကြိမ် လယ်ယာသုံးစက်ကိရိယာများ ရောင်းဝယ်ရေးစာချုပ်ချုပ်ဆိုပွဲများအနက် တန်ဖိုးအကြီးဆုံးသော သီးခြားတစ်မျိုးတည်း စာချုပ်ချုပ်ဆိုခဲ့သည်။ ယူနန်သည် မြန်မာနိုင်ငံသို့ မီနီလယ်ထွန်စက် အလုံး(၁၀၀၀)ကို တင်ပို့သွားမည်ဖြစ်သည်။

ယူနန်ဝမ့်ကျီးတာ လယ်ယာသုံးစက်ကိရိယာလုပ်ငန်း ကုမ္ပဏီလီမိတက် အထွေထွေမန်နေဂျာ ဖုံတယ်ဝမ်က ယခုအကြိမ်ပြပွဲတွင် ၎င်းတို့သည် မြန်မာနိုင်ငံ“ဝ”ဒေသ မိုင်းမောက် လယ်ယာသုံးစက်ကိရိယာနှင့် လယ်ယာသုံးပစ္စည်းရောင်းဝယ်ရေးကုမ္ပဏီနှင့် မီနီလယ်ထွန်စက် အလုံး(၁၀၀၀)တင်ပို့ရန် စာချုပ်ချုပ်ဆိုခဲ့ကြောင်း၊ ယင်းသည် ယူနန်လယ်ယာသုံး စက်ပစ္စည်းများကို အရှေ့တောင်အာရှသို့ ပထမဆုံးအကြိမ် တင်ပို့သွားခြင်းလည်းဖြစ်ကြောင်း ပြောကြားသည်။ “မီနီလယ်ထွန်စက်တစ်လုံးရဲ့ ဈေးနှုန်းမှာ တရုတ်ငွေ ယွမ်၃၀၀၀ လောက်ရှိပါတယ်။ အခု ချုပ်ဆိုထားတဲ့စာချုပ်ရဲ့ တန်ဖိုးပမာဏဟာ တရုတ်ငွေ ယွမ်သန်းပေါင်း၃၀လောက်ရှိပါတယ်” ဟု ဖုံတယ်ဝမ်က ပြောသည်။ ယူနန်လယ်ယာသုံး စက်ကိရိယာများ အရှေ့တောင်အာရှသို့တင်ပို့ရန် အလားအလာ ကောင်းမွန်လှကြောင်း၊ အဘယ့်ကြောင့်ဆိုသော် မြန်မာစသည့် အရှေ့တောင် အာရှနိုင်ငံများ၏ စိုက်ပျိုးရေးလုပ်ငန်းသည် ဤစက်ကိရိယာများကို လိုအပ်ပါကြောင်း ၎င်းကဆက်လက်ပြောသည်။

“မီနီလယ်ထွန်စက်တစ်လုံးရဲ့ တစ်နေ့တာ စွမ်းဆောင်ရည်ဟာ နွားငါးကောင်ရဲ့ စွမ်းဆောင်ရည်နဲ့ ညီမျှပါတယ်။ တစ်နေ့တာ အကုန်အကျမှာလည်း တရုတ်ငွေ(၃၀-၄၀)ယွမ်လောက်ပါ။ နွားတစ်ကောင်ဟာ နေ့တိုင်း အများဆုံး တရုတ်မိုတစ်မိုသာ လယ်ထွန်နိုင်ပေမဲ့ မီနီလယ်ထွန်စက်ကတော့ တရုတ်မို ၇-၁၀မိုအထိ လယ်ထွန်နိုင်ပါတယ်။ အလုပ်တွင်ကျယ်မှုအရဖြစ်ဖြစ်၊ လယ်ထွန်မှုအရည်အသွေးအရဖြစ်ဖြစ်၊ သမားရိုးကျ လယ်ထွန်နည်းလမ်းများထက် ပိုကောင်းလိမ့်မယ်” ဟု ဖုံတယ်ဝမ်ကပြောသည်။ လောလောဆယ် မီနီလယ်ထွန်စက်သည် လက်တွေ့ကျကျ အသုံးပြုနိုင်သည်၊ တောင်ယာမြေအတွက်ဖြစ်စေ၊ ဆည်ရေသောက်လယ်အတွက်ဖြစ်စေ အားလုံးအသုံးပြုနိုင်သည်။

“ကျွန်တော်နေထိုင်တဲ့ မုံ့မိုင်းခရိုင်ရဲ့ ပထဝီအနေအထားဟာ တောင်ယာမြေများဖြစ်ပါတယ်။ တောင်ယာမြေပါဝင်မှုနှုန်းမှာ ၉၈%လောက်ရှိပြီး လူဦးရေစုစုပေါင်းရဲ့ ၉၈%မှာ တောင်သူများဖြစ်ပါတယ်”ဟု မြန်မာ့အဝယ်ကုန်သည်ဖြစ်သူ ပေါင်လျူစိန်ကပြောသည်။ ယခင်က ထွန်ယက်စိုက်ပျိုးလုပ်ကိုင်နည်းသည် လူ့အားနှင့်နွားအားကိုသာ အသုံးပြုကြောင်း၊ ယခုအကြိမ် ဝယ်ယူသော မီနီလယ်ထွန်စက် အလုံး(၁၀၀၀)သည် တောင်ယာမြေများတွင် အသုံးပြုရန် သင့်လျော်ပြီး အချိန်လည်းမကုန်၊ လုပ်အားလည်း လျော့နည်းစေနိုင်သော ထူးခြားချက်များနှင့် ပြည့်စုံကြောင်း ၎င်းကပြောသည်။

“လောလောဆယ် ယူနန်ပြည်နယ်မှာ မီနီလယ်ထွန်စက်ရဲ့ သီးသန့်အရောင်းပမာဏဟာ နှစ်တိုင်း အလုံး(၂)သိန်းကျော်ရှိပြီး စုစုပေါင်းရောင်းရငွေမှာ ယွမ်သန်းပေါင်း(၆၀၀)ကျော် ရှိပါတယ်။ အထူးသဖြင့် စုပေါင်းနည်းနာနဲ့ ကုန်ထုတ်လုပ်ငန်း တိုးတက်စေရေး၊ အတိုင်းအတာနဲ့ လုပ်ငန်းတိုးတက်စေရေး ဖော်ဆောင်လာတာနဲ့အမျှ ယူနန်ပြည်နယ်ရဲ့ လယ်ယာသုံးစက်ကိရိယာ ဈေးကွက်ကိန်းဝပ်စွမ်းအား ကြီးမားလှပါတယ်” ဟု ယူနန်ပြည်နယ် လယ်ယာသုံး စက်ကိရိယာများအသင်းမှ အတွင်းရေးမှူး ဖုန်ကျုံးဖင်က လေ့လာသုံးသပ်ပြီး လယ်ယာသုံး စက်ကိရိယာသည်ယူနန်တွင် ကြီးမားသော ဈေးကွက်ကိန်းဝပ်စွမ်းအားရှိသည့်အပြင် ပတ်ဝန်းကျင်ရှိ မြန်မာ၊ ဗီယက်နမ်၊ လာအိုစသည့် အရှေ့တောင်အာရှ၊ တောင်အာရှနိုင်ငံများကိုပါ ဖြာထွက်သွားနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။

(အထွေထွေ)



▲ အာရှဒေသလယ်ယာစိုက်ပျိုးရေးကုန်စည်ပြပွဲခန်းမကို တွေ့ရစဉ်။ ဓာတ်ပုံ။ ။ချိန်ဖေး

# တရုတ် – မြန်မာနှစ်နိုင်ငံတို့သည် သစ်တောရေးရာကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးသတင်းအချက်အလက်ဆိုင်ရာသဘောတူညီမှုများရရှိ

တရုတ်-မြန်မာနှစ်နိုင်ငံရှိ ဌာနဆိုင်ရာများ၏ ညှိနှိုင်းဆွေးနွေးခြင်းဖြင့် ယခုရက်ပိုင်းတွင် ရွှေလီမြို့၌ တရုတ်-မြန်မာနှစ်နိုင်ငံ သစ်တောရေးရာကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်ရေး သတင်းအချက်အလက်ဆိုင်ရာ ဖလှယ်ပွဲအစည်းအဝေးကို ကျင်းပခဲ့သည်။

တရုတ်နိုင်ငံအစိုးရ သစ်တောရေးရာ ဦးစီးဌာနချုပ်စီမံကိန်းနှင့် ဘဏ္ဍာရေးဌာန၊ ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်သုတေသနဌာန၊ ယူနန်ပြည်နယ် သစ်တောရေးရာဦးစီးဌာန၊ မြန်မာနိုင်ငံအစိုးရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ တရုတ်-မြန်မာ နှစ်နိုင်ငံမှ သက်ဆိုင်ရာနယ်ခံ ကုန်သွယ်ရေးဌာနများ၊ အကောက်ခွန်ဌာနများ၊ သစ်တောရေးရာဌာနများနှင့် သက်ဆိုင်ရာ သစ်လုပ်ငန်းကုမ္ပဏီတို့မှ ကိုယ်စားလှယ်များက အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည်။

တရုတ်ဘက်သည် နှစ်ဦးနှစ်ဘက်မှ ပူးပေါင်းဆက်သွယ်ရေးနှင့် စပ်လျဉ်း၍ အကြံပြုချက်များတင်ပြခဲ့သည်။ ယင်းအကြံပြုချက်များမှာ တရုတ်-မြန်မာ သစ်တောလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး စာချွန်လွှာကို လက်မှတ်ရေးထိုးရန် စမ်းတဝါးဝါးနှင့် ဆောင်ရွက်ရန်၊ တရုတ်-မြန်မာနှစ်နိုင်ငံပူးပေါင်းပြီး သစ်တောအရင်းအမြစ်များ အချောကိုင် အသုံးပြုရေး စီမံကိန်းရေးဆွဲရန်၊ တရုတ်-မြန်မာ နယ်စပ်တွင် သစ်ပစ္စည်းအချောကိုင် လုပ်ငန်းဇုန် တည်ထောင်ရန်၊ တရုတ်-မြန်မာနှစ်ဘက်တွင် တရားမဝင်သစ်ခုတ်ခြင်း၊ တရားမဝင်ကုန်သွယ်ခြင်းစသည့် လုပ်ရပ်များကို တိုက်ဖျက်ရန် လက်တွဲ၍ နည်းလမ်းရှာကြံရန် စသည်တို့ဖြစ်သည်။

မြန်မာဘက်သည် မြန်မာနိုင်ငံအနေနှင့် တရားမဝင်သစ်ခုတ်မှုတိုက်ဖျက်ခြင်း၊ တရုတ်-မြန်မာ သစ်တောလုပ်ငန်း ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရန် ကဏ္ဍသစ်ဖွင့်လှစ်ခြင်း၊ သစ်တောအရင်းအမြစ်များကို လက်တွဲကာကွယ်ထိန်းသိမ်းရန် တရုတ်ဘက်နှင့် ပိုမိုပူးပေါင်းဆောင်ရွက်ခြင်းစသည်တို့ကို တင်ပြခဲ့သည်။ အထူးသဖြင့် တရုတ်နိုင်ငံနှင့် ပူးပေါင်း၍ သစ်ပစ္စည်း အချောကိုင်လုပ်ငန်းဇုန် တည်ဆောက်လိုသည့် ဘုံဆန္ဒကိုလည်း တင်ပြခဲ့သည်။

အစည်းအဝေးတွင် တရုတ်-မြန်မာနှစ်နိုင်ငံမှ အကောက်ခွန်ဌာနများ၊ ကုန်သွယ်ရေးဌာနများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းနှင့် သစ်လုပ်ငန်းကုမ္ပဏီစသည့် ကိုယ်စားလှယ်များသည် တက်ကြွရင်းနှီးစွာ ဖလှယ်ခဲ့ကြသည်။ နောက်ဆုံးတွင် အောက်ပါသဘောတူညီချက်များရရှိခဲ့သည်။ ၎င်းတို့မှာ- (၁) တရုတ်-မြန်မာနှစ်ဘက်တို့သည် အစည်းအဝေးအပြီး တစ်လအတွင်း နားလည်မှု စာချွန်လွှာမူကြမ်းကို ချုပ်ဆိုရန်။ (၂)တရုတ်-မြန်မာနှစ်ဘက်တို့သည် နိုင်ငံ့ခွဲခြားရန် လမ်းညွှန်ကို သုတေသနပြုပြီး တရုတ်ဘက်မှ မြန်မာဘက်သို့ ပုံစံများထောက်ပံ့ပေးရန်၊ (၃) သစ်အချောကိုင်လုပ်ငန်းဇုန်၏ စီမံကိန်းနှင့်စပ်လျဉ်း၍ တရုတ်ဘက်သည် အောက်တိုဘာလဆန်းတွင် မြန်မာဘက်သို့ ပေးကမ်းပေးမည်ဖြစ်ပြီး မြန်မာဘက်သည် အကြောင်းအရာအရ တရုတ်နိုင်ငံ၏သက်ဆိုင်ရာဌာနများသို့ ဖိတ်ခေါ်စာများပို့ပေးရန် စသည်တို့ဖြစ်သည်။ **စွင်းယိုဟော်**

## ပန်းလှသည်ထက် လူပိုလှ



ဆောင်းဦးရာသီ၏ တောက်ပသော နေရောင်ခြည်အောက်တွင် ကူမင်းမြို့ရှိ ဟိုင်ခိုသစ်တောကွင်း ဥယျာဉ်တွင် Schrysanthemumပန်းများ ဝေဝေဆာဆာ ဖူးပွင့်ပြီး လူငယ်အလုပ်သူမများသည် မင်္ဂလာဝတ်စုံများ ဝတ်ဆင်၍ ပန်းပင်လယ်အထဲ နုပျိုသောအရွယ်နှင့် ထက်သန်သော အားမာန်တို့ဖြင့် သစ်တောကွင်းမှ အလုပ်သူမများ၏ ရှင်သန်တက်ကြွသော စိတ်ဓာတ်ကို ပြသကြသည်။ မိမိ၏ တမူထူးခြားသော နည်းလမ်းဖြင့် တရုတ်နိုင်ငံ အမျိုးသားနေ့ကို ဂုဏ်ပြုကြိုဆိုပြီး ပွဲတော်နေ့အခါသမယတွင် ကူမင်းမြို့သူမြို့သားများအား ဆုမွန်ကောင်းတောင်းခြင်းလည်းဖြစ်သည်။

ဟိုင်ခိုသစ်တောကွင်းသည် ကူမင်းမြို့၏ အကြီးဆုံးသော သဘာဝဂေဟသစ်တောကွင်းဖြစ်သည်။ ယင်းသစ်တောကွင်းထဲ တည်ဆောက်ထားသော တံခါးဖွင့် အခမဲ့သစ်တောဥယျာဉ်မှာ ကူမင်းမြို့တွင် သဘာဝဂေဟပတ်ဝန်းကျင် အကောင်းဆုံးသော အစိမ်းရောင်အောက်စီဂျင်ဘားလည်း ဖြစ်သည်။ သစ်တောကွင်းမှ အလုပ်သူမများ၏ ပင်ပင်ပန်းပန်း ကြိုးစားမှုကြောင့် ဤနေရာရှိ တောင်ကလည်း ပိုမိုစိမ်းလန်းလာပြီ၊ ပန်းကလည်း ပိုမိုရွှန်းတင့်လာပြီ၊ ရှုခင်းကလည်း ပိုမိုသာယာလာပြီ။

ဓာတ်ပုံ။ ရန်ကျိန်း

# ယွမ်ရှီးခွင်း၏ရုပ်ထုလက်ရာ《နီဝါးမိုးဟာ》ကို နယူးယောက်တိုင်းမ် သတင်းစာရင်ပြင်တွင်ပြသ

မကြာမီရက်ပိုင်းတွင် ကုလသမဂ္ဂ၏ ပထမအကြိမ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အနုပညာဆရာကြီး တာဝန်ထမ်းဆောင်သူ၊ တရုတ်ပုံသဏ္ဍာန်တီထွင်မှု အနုပညာရှင် ယွမ်ရှီးခွင်းသည် အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကုလသမဂ္ဂ ရုံးချုပ်၌ ကျင်းပသော "အမျိုးသမီးများ ပရဟိတလုပ်ငန်း ဆက်တိုက်ဖွံ့ဖြိုးတိုးတက်ရေး အပြည်ပြည်ဆိုင်ရာဖိုရမ်(၂၀၁၅)" အား 《နီဝါးမိုးဖာ》ရုပ်ထုကို လှူဒါန်းခဲ့သည်။ ယွမ်ရှီးခွင်းကိုယ်တိုင်နှင့် သူ့လက်ရာများအပေါ် ရိုက်ကူးသော ရုပ်သံများကိုလည်း နယူးယောက်တိုင်းမ် သတင်းစာရင်ပြင်ပေါ်ရှိ စကရင်ကြီးတွင် ထုတ်လွှင့်ပြသခဲ့သည်။

"အမျိုးသမီးများ ပရဟိတလုပ်ငန်း ဆက်တိုက်ဖွံ့ဖြိုးတိုးတက်ရေး အပြည်ပြည်ဆိုင်ရာဖိုရမ်(၂၀၁၅)"ကို ကုလသမဂ္ဂ ဆက်တိုက်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ရန်ပုံငွေ၊ တရုတ်နိုင်ငံအမျိုးသမီးရေးရာ ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း၊ အမေရိကန်-တရုတ်ချစ်ကြည်ရေးအသင်းတို့မှ ပူးတွဲကျင်းပခြင်းဖြစ်သည်။ 《နီဝါးမိုးဖာ》ရုပ်ထုကို ယွမ်ရှီးခွင်းမှ တီထွင်ပြုလုပ်ထားခြင်းဖြစ်ပြီး တရုတ်ရှေးခေတ်တုန်းက သဘာဝကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ ဂေဟသဘောတရားပေါ်မူတည်၍ တီထွင်ခြင်းဖြစ်သဖြင့် လောလောဆယ် တစ်ကမ္ဘာလုံးတွင် နှိုးဆော်နေကြသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး သဘောတရားနှင့်လည်း ကိုက်ညီပါသည်။ ဒဏ္ဍာရီထဲမှနီဝါးသည် အရှေ့တိုင်း ဒဏ္ဍာရီများတွင် လူသားများကို အစောဆုံး မျိုးပွားခဲ့သူ ဖြစ်သောကြောင့် ယင်းရုပ်ထုသည် အရှေ့တိုင်းနတ်သမီးက ကမ္ဘာမြေကြီး၏ သဘာဝဂေဟစနစ်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် ကြီးမြတ်သော အသွင်အပြင်ကိုလည်း ဖော်ညွှန်းလိုက် ခြင်းဖြစ်သည်။

စုံစမ်းမေးမြန်းခြင်းအရ 《နီဝါးမိုးဖာ》ဗီဒီယိုကို နယူးယောက်တိုင်းမ် သတင်းစာရင်ပြင်ရှိ စကရင်ကြီးတွင် ဆက်တိုက်ထုတ်လွှင့်ပြသခဲ့ပြီး တစ်နာရီလျှင်(၄)ကြိမ်၊ တစ်ကြိမ်လျှင်(၃၀)စက္ကန့်ကြာ ထုတ်လွှင့်ခဲ့ကြောင်း၊ ၂၀၁၃ခုနှစ်မှစ၍ ယွမ်ရှီးခွင်း၏ လက်ရာကို နယူးယောက်တိုင်းမ် သတင်းစာရင်ပြင်ရှိ စကရင်ကြီးတွင် ကြိမ်ပေါင်းများစွာ ထုတ်လွှင့်ပြသခဲ့ကြောင်းသိရပါသည်။

ရှန့်ကျိုပွင်း

# ကျန့်ရွှေကွန်ဖြူးရှပ်ယဉ်ကျေးမှုပွဲ တော်ဖွင့်လှစ်




▲ ၂၀၁၅ခုနှစ် "တရုတ်နိုင်ငံဟုန်ဟော်-ကျန့်ရွှေကွန်ဖြူးရှပ်ယဉ်ကျေးမှုပွဲတော်" ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။

ကွန်ဖြူးရှပ် ဖွားမြင်ခဲ့သည့် (၂၅၆၆)နှစ်မြောက် အထိမ်းအမှတ် အခါသမယတွင် စက်တင်ဘာလ ၂၈ရက်နေ့က ၂၀၁၅ခုနှစ် "(၁၁)ကြိမ်မြောက် တရုတ်နိုင်ငံ ဟုန်ဟော်-ကျန့်ရွှေကွန်ဖြူးရှပ် ယဉ်ကျေးမှုပွဲတော်"ကို ကြီးကျယ်ခမ်းနားစွာ ဖွင့်လှစ်ခဲ့ကြောင်း သိရပါသည်။

ယခုအကြိမ် ယဉ်ကျေးမှုပွဲတော်သည် ယခင်ကွန်ဖြူးရှပ် တန်ဆောင်းပူဇော်ပွဲ၊ လောကဝတ်နှင့် သက်ကြီးများ ဝတ်ကျေကန်တော့ပွဲစသည့် သမားရိုးကျ အစီအစဉ်များအပြင် ကျူမျိုးနွယ်ပန်းခြံ၌ တရုတ်လပြည့်နေ့တွင် လမင်းကြီး ပူဇော်ခြင်းနှင့်ညှော်ကြိုခြင်း၊ ကျန့်ရွှေခရိုင်အတွင်း နာမည်အကျော်ဆုံးသော အစားအသောက်ကြီး (၁၀)မျိုး ရွေးချယ်ခြင်းနှင့် နှစ်တစ်ရာကျော်သမိုင်းရှိသော မီတာရထားလမ်းမှ တရုတ်မင်ကော်ခေတ်စတိုင်လ်ပါ ချီဖောင်ခေါ်အမျိုးသမီးဝတ်စုံနှင့် တွဲဖက်သော ဓာတ်ပုံပြိုင်ပွဲစသည့်ဝိသေသထူးခြားချက်ပါသည့် ယဉ်ကျေးမှုအစီအစဉ်သုံးရပ်တို့ကိုလည်း ဆန်းသစ်တီထွင် စီစဉ်ပေးသည်။ ရည်ရွယ်ချက်မှာ နည်းမျိုးစုံဖြင့် တရုတ်အမျိုးသားများ၏ ထူးချွန်သော ယဉ်ကျေးမှုကို ထွန်းကားရန်နှင့် ကျန့်ရွှေခရိုင်၏ ခရီးသွားအမှတ်တံဆိပ်ကို နာမည်ကျော်အောင် တည်ထောင်ရန်အတွက်ဖြစ်သည်။ ၄င်းအနက် တရုတ်လပြည့်နေ့တွင် လမင်းကြီးပူဇော်ခြင်း အခမ်းအနားသည် လမင်းကြီးပူဇော်သောအက၊ ဆုတောင်းစကားရွတ်ဖတ်ပွဲနှင့် လမင်းကြီးရှိခိုးကန်တော့ပွဲ၊ မီးဖောင်ပွဲစသည့် အစီအစဉ်များဖြင့် လမင်းကြီးအပေါ် ရိုသေအလေးဂရုပြုခြင်းကိုဖော်ပြ၍ နိုင်ငံတော်သာယာဝပြောရေး အတွက် ဆုမွန်ကောင်းတောင်းခြင်းပင်ဖြစ်ပါသည်။

ရှေးခေတ် တရုတ်အသိပညာရှင်ကြီးကွန်ဖြူးရှပ် တည်ထောင်ခဲ့သော ကွန်ဖြူးရှပ်ဂိုဏ်း အယူဝါဒသည် တစ်ဆက်ပြီးတစ်ဆက် ဆက်ခံလာပြီး ပြတ်တောက်သွားခြင်းမရှိခဲ့ပါ။ ကွန်ဖြူးရှပ်ဂိုဏ်း အယူဝါဒ၏ အနှစ်သာရများကို ကျန့်ရွှေသူကျမ့်ရွှေသားများ၏ သွေးထဲနှလုံးထဲ စွဲမြဲစွာထစ်ထားသည်။ မိတ်ဆက်ခြင်းအရ "ကျန့်ရွှေကွန်ဖြူးရှပ်ယဉ်ကျေးမှုပွဲတော်"ကို ၂၀၀၅ခုနှစ်မှ ယခုအထိ ကျင်းပခဲ့ပြီး ကြီးကျယ်ခမ်းနားသော ကွန်ဖြူးရှပ်ပူဇော်ကန်တော့ပွဲ အခမ်းအနားနှင့် ယဉ်ကျေးမှုအစီအစဉ်များကို စင်ကြီးအဖြစ်ထားကာ ကြီးကျယ်ခမ်းနားသော ရိုးရာယဉ်ကျေးမှုပွဲတော်နေ့ အဖြစ်သို့ တစတစတိုးတက်လာခဲ့ကြောင်း၊ ဤသို့သော အစီအစဉ်များကျင်းပခြင်းသည် ကွန်ဖြူးရှပ်ဂိုဏ်း၏ အယူဝါဒနှင့် ယဉ်ကျေးမှုကို ထွန်းကားဆက်ခံနိုင်ရန်၊ ကျန့်ရွှေခရိုင် ယဉ်ကျေးမှုခရီးသွားလုပ်ငန်းကို အညွန့်တလူလူ တိုးတက်စေရန်အတွက် အရေးပါသည့်အခန်းထဲ ပါဝင်ခဲ့ကြောင်း သိရသည်။

# ရှေးဟောင်းနှောင်းဖြစ်များ တမ်းတသတိရသော မီတာရထားစီး၍ ခရီးထွက်စို့

တရုတ်ဆောင်းကူးရာသီ ဒုတိယလအခါသမယတွင် ယူနန်ပြည်နယ် ဟုန်ဟော် ဟားနီတိုင်းရင်းသား ယီတိုင်းရင်းသား လူမျိုးများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲ ကျန့်ရွှေခရိုင်ခရီးသွားရေးဌာနသည် ကူမင်းမြို့ ရထားပို့ဆောင်ရေးဗျူရိုနှင့် ပူးပေါင်း၍ မီတာရထားလမ်း သီးသန့် ဝိသေသခရီးစဉ်ဖြစ်သည့် ရှေးဟောင်းနှောင်းဖြစ်များ တမ်းတသတိရရန် ကျန့်ရွှေရှေးဟောင်းမြို့အသွား မီတာရထားစီး အလည်အပတ်ခရီးစဉ်ကို စီစဉ်ပေးလိုက်သည်။ ခရီးသွားများသည် ပြုပြင်ပြီး အရှိန် ၂၀ကီလိုမီတာ/နာရီဖြင့် မောင်းနှင်သော မီတာရထားကို စီးနင်းပြီး ယခင် ရထားလမ်းဟောင်းဖြစ်သည့် ကျန့်ရွှေ-ထွမ်စန်းတောင်အကြား (၁၃)ကီလိုမီတာရှည်လျားသော ရထားလမ်းကြောင်း အတိုင်း စီးနင်းကြကာ ယူနန်ပြည်နယ်၏ နှစ်တစ်ရာကြာ ရထားငယ်ကို ခံစားနိုင်မည်ဖြစ်သည်။ ခရီးတစ်လျှောက်တွင် လယ်ကွင်း ရှုခင်းများကို ရှုစားနိုင်ပြီး အပေါက်(၁၇)ပေါက်ပါ နဂါးနှစ်ကောင်တံတားဟောင်း၊ ရှန်းဟွေ့တံတားရှိ တရုတ်မင်ကော်ခေတ်က ဘူတာရုံဟောင်း၊ ထွမ်စန်းတောင် ရွာဟောင်းစသည့် ရှုခင်းသာဒေသများ စုဝေးရာဘူတာရုံမှ ရထားဆင်းပြီး လည်ပတ် ကြည့်ရှုနိုင်သည်။

ဓာတ်ပုံ။ ချိန်ဟိုင်နင်(သတင်းထောက်)



▲ စက်တင်ဘာလ ၂၇ရက်နေ့တွင် ခရီးသွားဧည့်သည်များသည် ရှေးဟောင်းနှောင်းဖြစ်များ တမ်းတသတိရသော မီတာရထားစီးကြ၍ ခရီးထွက်ကြသည်။



▲ ခရီးသွားဧည့်သည်များသည် ထွမ်စန်းတောင် ရှေးဟောင်းရွာရှုခင်းဘူတာရုံမှ ကားပေါ်ဆင်းပြီး လည်ပတ်ကြည့်ရှုနေစဉ်။

TUESDAY, 13 -19 OCTOBER, 2015
THE FLOWER NEWS VOL.11, NO.39

# တယ်ယိကျွီးဇာတ်ရုံတွင်ပြဇာတ်နှင့်ရုပ်ရှင်တို့ကို တချိန်တည်း ကြည့်ရှုနိုင်

ပေကျင်းမြို့ရှိ "ဖုံဟောင်ဇာတ်ရုံ"၊ ရှန်ဟဲမြို့ရှိ "ရှာ့ဟော်မီနီဇာတ်ရုံ"၊ ကွမ်ကျိုးမြို့ရှိ "ရွှေပျန်းဘား"တို့ကို ရှေ့ဆင့်နောက်ဆင့် ဖွင့်လှစ်ခဲ့ပြီးသည့်နောက် စက်တင်ဘာ ၂၆ရက်နေ့ညတွင် လှပသော ယူနန်ပြည်နယ်၌ ယူနန်ယဉ်ကျေးမှုလုပ်ငန်းရင်းနှီးမြှုပ်နှံရေး ရှယ်ယာကုမ္ပဏီ ဥက္ကဋ္ဌထောင်ကော်ရှန်၊ ယူနန်ယဉ်ကျေးမှု(ပေကျင်း) ရုပ်ရှင်လုပ်ငန်းကုမ္ပဏီ အမှုဆောင်ဒါရိုက်တာဟွမ်ဝင်တို့က "တယ်ယိကျွီးဇာတ်ရုံ" စတင်ဖွင့်လှစ်ကြောင်း ကြေငြာလိုက်သည်။ တရုတ်ပြည်အတွင်း ပထမဆုံး စွန့်ဦးတီထွင်သော၊ ယူနန်ပြည်နယ်အတွင်း ပထမခုမြောက်သော ပြဇာတ်နှင့်ရုပ်ရှင်တို့ကို တစ်ပါတည်းပေါင်းစည်းထားသော ဇာတ်ရုံငယ်တစ်ရုံကို ဤအချိန်မှစ၍ ဖွားမြင်ခဲ့ပြီး တရုတ်ပြည်သီးသန့်ပြဇာတ်များ ပြသနိုင်သော မြို့များမြေပုံတွင် ယဉ်ကျေးမှုပထဝီအမှတ်သင်္ကေတ အသစ်တစ်ခုကို မှတ်သားနိုင်ပြီဖြစ်သည်။

ယင်းနေ့ညပိုင်းတွင် ကူမင်းမြို့၌ နာမည်ကျော်ကြားသော ယူနန်ပြည်နယ်မှ မူပိုင်တီထွင်သည့် အိမ်ဝင်းပြဇာတ် 《စိတ်ကိုမေးစို့》သည် အိမ်ဝင်းတွင် အကြိမ်(၂၀)၊ ဇာတ်ရုံကြီးတွင် နှစ်ကြိမ်တင်ဆက်ပြသခြင်းအားဖြင့် ကူမင်းမြို့ တယ်ယိကျွီးဇာတ်ရုံငယ်တွင် ပထမဦးဆုံး အကြိမ် ရုံတင်ပြသခဲ့သည်။ တရုတ်ရိုးရာလပြည့်ပွဲတော် ကျရောက်လာမည့် အခါသမယတွင် "ထွန်းလင်းတောက်ပ"သော ကူမင်းမြို့ကျင်းမာပိကျီးခေါ်မုခ်ဦး၏ အနား၌ တည်ရှိနေသော ဗိုလ်ချုပ်ချိုင့်အော်၏ နေအိမ်ဟောင်းတွင် ယဉ်ကျေးမှု အနုပညာလောကနှင့် နယ်ပယ်အသီးသီးမှ နာမည်ကျော်ပညာရှင်များနှင့် မီဒီယာသတင်းသမားများနှင့်တကွ မျိုးချစ်စိတ်ဓာတ်ကို ထပ်မံဖော်ပြခဲ့ကြသည်။

ပြဇာတ် 《စိတ်ကိုမေးစို့》သည် တရုတ်ရှေးဟောင်းအိမ်ဝင်းကို တင်ဆက်ပြသရန်နေရာ အဖြစ်ထားပြီး စစ်မှန်သော တရုတ်ပုံပြင်များကို ဖော်ပြလိုက်ခြင်းဖြစ်သည်။ ယင်းဇာတ်လမ်းတွင် မျိုးချစ်စိတ်၊ အမျိုးသားစိတ်၊ မေတ္တာစိတ်၊ အချစ်စိတ်များဖြင့် ပေါင်းသွင်းရှုပ်ရှင်းထားသည့်အတွက် ပရိသတ်ကြီးများကို ဆွဲဆောင်မိပြီး ပြဇာတ်ကြည့်ဖူးသူ ပရိသတ်ကြီးများသည် ၎င်းအတွက် လှိုက်လှဲပုံပေါ်လာကြသည်။

"တယ်ယိကျွီး"သည် တရုတ်ပြည်နာမည်ကျော် ရှေးဟောင်းအဆောက်အအုံပါရဂူလော်ကျယ်ဝင်က နာမည်ရေးထိုးပေးခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် ကူမင်းမြို့၏ တစ်ခုတည်း ကာကွယ်ထိန်းသိမ်းထားသော ရှေးဟောင်းသုံးထပ်ဆောင်လေးမျက်နှာအိမ်ဝင်းဖြစ်ပြီး တရုတ်ချင်းမင်းဆက်နှောင်းပိုင်းကာလတွင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ချိုင့်အော့ခေါ် နိုင်ငံ့အစောင့်ဗိုလ်ချုပ်၊ မျိုးချစ်ဗိုလ်ချုပ်မှ နေထိုင်ခဲ့သော နေရာဖြစ်သည်။ ကူမင်းမြို့ကျင်းမာပိကျီးခေါ်မုခ်ဦး၊ ကူမင်းမြို့ဟောင်းဖြစ်သော ဝူဟွာစန်းတောင်မှ လော်စီးဝမ်းအကြားရှိ အလယ်ဝင်ရိုးတန်းတွင် တည်ရှိနေပြီး ယူနန်ပြည်နယ်ရှိ ရှေးဟောင်းအဆောက်အဦးများ၏ ကိုယ်စားပြုလောက်သော လက်ရာဖြစ်သည်။ ယင်းနေရာတွင် ကျန်ရစ်ထားသော ဗိုလ်ချုပ်၏ ရှေးဟောင်းနှောင်းဖြစ်များ၊ ကယောကယက် ဖြစ်ပုံပျက်ပုံများသည် ပြီးခဲ့သည့်နှစ်ပေါင်းရာကျော် ကာလတုန်းက မျိုးချစ်စိတ်ဓာတ်၊ ဗိုလ်ချုပ်ချိုင့်အော်နှင့် ၎င်း၏ချစ်သူ ရှောင်ဖုန့်ရှမ်းနှစ်ယောက်တို့၏ အံ့ဖွယ်အချစ်ပုံပြင်များကို ပြောပြလျက်ရှိသည်။ ယခုမှာမူ 《စိတ်ကိုမေးစို့》ပြဇာတ်သည် မျိုးချစ်စိတ်ဓာတ်အပြည့် ပါဝင်သော ပုံပြင်များဖြင့် ယင်းနေရာတွင် တင်ဆက်ပြသခြင်းသည်



▲《စိတ်ကိုမေးစို့》 ပြဇာတ်မှ ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။

အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည်ဟု ဆိုနိုင်သည်။ အတိတ်သမိုင်း၏ ရှေးဟောင်းနှောင်းဖြစ်များ၊ အစစ်မြင်ကွင်းများ၊ အစစ်ရုပ်ဝတ္ထုများကို ထပ်မံဖော်ပြသွားမည်ဖြစ်သည်။

တယ်ယိကျွီးဇာတ်ရုံသည် မည်သို့လုပ်မည်နည်း။ စီစဉ်သူရန်ယုံက အဖြေပေးခဲ့သည်။ ယင်းသည် တရုတ်ပြည်တွင်း၌ ပထမဆုံးစွန့်ဦးတီထွင်သော၊ ယူနန်ပြည်နယ်အတွင်း နာမည်ကျော် ပုဂ္ဂိုလ်များ၏ နေအိမ်ဟောင်း၌ ပထမဦးဆုံး အကြိမ်ဖွင့်လှစ်ထားသော၊ ပြဇာတ်နှင့်ရုပ်ရှင်တို့ကို တစ်ပါတည်း ပေါင်းစည်းထားသော ဇာတ်ရုံငယ်ဖြစ်ကြောင်း၊ ဇာတ်ရုံကို ပြဇာတ်နှင့်ရုပ်ရှင်၊ တီဗွီ၊ မီနီဇာတ်ကားများ၏ ဖလှယ်ရန် စင်ကြီးအဖြစ် ခင်းကျင်းပေးမည်ဖြစ်ကြောင်း၊ ပြဇာတ်၊ ရုပ်ရှင်၊ မီနီဇာတ်ကား(IP)တို့၏ စမ်းသပ်မှုစခန်းနှင့် မွေးထုတ်မှုစင်တာ၊ ပြဇာတ်သီးသန့် ရိုက်ကူးထုတ်လုပ်ခြင်းနှင့် ပြဇာတ်ပြသခြင်းတို့ကို တစ်ပါတည်း ပေါင်းစုထားသော ဇာတ်ရုံအဖြစ် တည်ဆောက်သွားမည်ဖြစ်ကြောင်း ပြောသည်။

ဝမ်ကျမ်း

# ရွှေလီလေကြောင်းသည် လက်ဆောင်အဖြစ် ဝေဟင်မှ လှပသော ကျောက်စိမ်းများကို မျှဝေပေး

"ဒီအကြိမ်ဟာ ကျွန်ုပ်ဘဝတစ်သက်လုံးမှာ ကျောက်စိမ်းနှင့် ကံကောင်းစွာဖြင့် ရေစက်ဆုံခြင်း ဖြစ်ကောင်းဖြစ်လိမ့်မယ်"။ လွန်ခဲ့သောရက်ပိုင်းတွင် မစ္စတာကျန်သည် ရွှေလီလေကြောင်း လေယာဉ်ပေါ်တွင် ကျောက်စိမ်းလက်ဆောင်ကို လက်ခံရရှိခဲ့သောကြောင့် အလွန်ဝမ်းသာမိသည်။ သတင်းထောက်သည် ရွှေလီလေကြောင်းမှရရှိသော သတင်းအရ လာမည့်တစ်နှစ်အတွင်း ယင်းကုမ္ပဏီသည် ရိုးရာပွဲတော်နေ့၊ တိုင်းရင်းပွဲတော်နေ့မှန်သမျှကျတိုင်း ကျောက်မျက်များစွာကို ယွမ်၁၀သန်းဖြင့် ဝယ်ယူပြီး အချို့သော ပြည်နယ်ချင်းဆက် လေကြောင်းလိုင်း၊ ရုံးသုံးဝက်ဆိုက်၊ ရုံးသုံး wechat စသည့် စင်များပေါ်မှ အခမဲ့လက်ဆောင်များအဖြစ် ပေးပို့သွားမည်ဖြစ်ကြောင်း သိရပါသည်။ ထိုသို့သော နည်းလမ်းဖြင့် ယူနန်ပြည်နယ်၏ ကျောက်မျက် ယဉ်ကျေးမှုကို တရုတ်နိုင်ငံအနယ်နယ်အရပ်ရပ်သို့ ဖြန့်ဝေပေးမည်ဟု မျှော်လင့်ထားပါသည်။

မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းဆက်စပ်နေသော ယူနန်ပြည်နယ် ရွှေလီမြို့သည် တရုတ်နိုင်ငံ၏ ကျောက်မျက်များ သွင်းယူဖြန့်ဖြူးရန် ဒေသတစ်ဒေသဖြစ်သည်။ ရွှေလီလေကြောင်းဘက်က မိမိကုမ္ပဏီတည်ထောင်သည့် အချိန်မှစ၍ ယူနန်တိုင်းရင်းသားဝိသေသထူးခြားချက်နှင့်ပြည့်စုံသော ဒေသခံလေကြောင်းကုမ္ပဏီဖြစ်အောင် အစွမ်းကုန် ကြိုးပမ်းခဲ့ကြောင်း၊ ကျောက်မျက်ယဉ်ကျေးမှုသည် ယူနန်ပြည်နယ်၏ ကိုယ်စားပြုလောက်သော ယဉ်ကျေးမှုအကြောင်းအရာအဖြစ်နှင့် ကျောက်မျက် ယဉ်ကျေးမှုကို ဖြန့်ဝေကြော်ငြာခြင်းသည် ရွှေလီလေကြောင်း၏ တာဝန်လည်းဖြစ်ကြောင်း၊ တရုတ်လပြည့်ပွဲတော်ကို ကြုံကြိုက်သည့်အလျှောက် ပြည်နယ်ချင်းဆက် ပင်မလေကြောင်းလိုင်း အချို့၌ ခရီးသည်များ နာမည်တွင် "ချို"၊ "ရွှဲ" စသည့် တရုတ်စာလုံးပါရှိသည့် ခရီးသည်များကို ဖိတ်ခေါ်၍ ၎င်းတို့အတွက် လပြည့်ပွဲတော်ဆိုင်ရာ ဆုမွန်ကောင်းတောင်းပြီး ရွှေလီလေကြောင်းမှ ပထမဆုံး အသုတ်အဖြစ် ရွေးချယ်ထားသော လက်ဆောင်၊ အေးချမ်းချိတ်၊ ဆွဲကြိုး၊ လက်ကောက်စသည့် ကျောက်မျက်လက်ဝတ်တန်ဆာများကိုလည်း ရရှိနိုင်မည်ဖြစ်ကြောင်းဖော်ပြထားသည်။

သတင်းထောက်။ ။ချောင်ကျယ်



ရွှေဝါရောင် ဆောင်းဦး ကာလတွင် ကူမင်းမြို့ တာ့ကွမ်းဥယျာဉ်၌ ကျင်းပသော ဂန္ဓမာပန်းပြပွဲတွင် ပန်းပုံစံ၊ အရောင်အသွေး တမူထူးခြားသော ဂန္ဓမာပန်းအချို့သည် ခရီးသွားသည်များအား အံ့အားသင့်မဆုံးဖြစ်မိသည်။ ယခုနှစ်တွင် တာ့ကွမ်းဥယျာဉ်၌ ဂန္ဓမာပန်းအသစ် အမျိုး(၁၀၀)ကျော်ကို စိုက်ပျိုးထားပါသည်။ ၎င်းအနက် အမျိုး(၄၀)ကျော်ကို အောင်မြင်စွာ မျိုးပွားစိုက်ပျိုးနိုင်ခဲ့သည်။ လောလောဆယ် တာ့ကွမ်းဥယျာဉ် ဂန္ဓမာပန်းပြပွဲတွင် ပြသထားသော ဂန္ဓမာပန်းအမျိုးမှာ (၅၀၀)ကျော် အထိရှိလာသည်။

ဓာတ်ပုံ။ ။ဝမ်ကျမ်း